# တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်

ယနေ့ခေတ်ကာလသည် မီဒီယာခေတ်ကာလကြီးဖြစ်သည်။ မီဒီယာခေတ်ဖြစ်သည်နှင့်အညီ မီဒီယာ၏ အကူအညီဖြင့် ထင်ပေါ်လိုသူများ ကျော်ကြားလိုသူများက မီဒီယာကို အသုံးချကာ ထင်ပေါ်အောင် ကျော်ကြားအောင် ကြိုးစားကြသည်။ ကြိုးစားသလောက်လည်း နာမည်ကြီးနေကြသူတွေရှိသလို ကြိုးစားသလောက် ခရီးမပေါက်ကြသူတွေလည်း ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ကျော်သလောက် တော်နေကြ ရင် အလွန်သင့်မြတ်ပါပေသည်။ တစ်ချို့ကတော့ ကျော်သလောက်တော်သည်မဟုတ်ကြပါ။ မီဒီယာ၏ စွမ်းအားကြောင့်သာ ကျော်ချင်တိုင်းကျော်နေကြသော်လည်း တကယ့်အရည်အချင်းကတော့ ကင်းမဲ့နေ ကြသူတွေလည်း ရှိကြပါသည်။ ယထာဝါဒီ တထာကာရီ (အပြောနှင့်အလုပ်ညီနေသူ)ပုဂ္ဂိုလ်များဖြစ်ဖို့ အလွန်အရေးကြီးလွန်းလှပါသည်။

အဘယ့်ကြောင့် အပြောနှင့်အလုပ်ညီသူ ယထာဝါဒီ တထာကာရီပုဂ္ဂိုလ်မျိုး ဖြစ်ဖို့လိုအပ်ပါသနည်း။ လူတိုင်းလူတိုင်းက တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ရှိသူကိုသာ အထင်ကြီးသည်။ ကြည်ညိုလေးစားသည် တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ကင်းနေသူကို မည်မျှတော်စေကာမူ အထင်မကြီးချင်ကြပါ။ မလေးစားချင်ကြပါ။ တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ရှိသူတို့ကိုကား မသင့်တော်တာတွေကို လုပ်ဆောင်နေလျှင်တောင် ကျန်ကျန်ဖန်ဖန် အထင်တကြီး ချီးကျူးတတ်ကြသည်။ ဂုဏ်ကိုမက်သူများ ဂုဏ်ကို အထင်ကြီးသူတွေ များလာသည့်အတွက် မသမာသူအချို့က ဂုဏ်နောက်ကိုသာ သည်းသည်းမည်းမည်း လိုက်နေကြသည်။ ဂုဏ်ထူး ဘွဲ့ထူးရဖို့အတွက် မှန်ကန်သော နည်းလမ်းနှင့်မရသည့်အခါ မမှန်ကန်သောနည်း၊ ကလိန်ကကျစ်နည်းစနစ်များကိုသုံးကာ ဂုဏ်ကို မတရားသောနည်းဖြင့် ရအောင်ကြံဆောင်နေကြသည်။

မြတ်စွာဘုရားရှင်က အရှင်ပိလိန္ဒဝစ္ဆမထေရ်ကို အကြောင်းပြုကာ ရဟန်းတော်များ တန်ခိုးမပြရ။ တန်ခိုးပြသော ရဟန်း ဒုက္ကဋ်အာပတ်သင့်စေဟု တားမြစ်တော်မူပါသည်။ အဘယ့်ကြောင့် မြတ်စွာဘု ရားက တန်ခိုးပြခွင့်ကို ပိတ်ပင်ခဲ့ပါသနည်း။ မြေလျှိုးမိုးပျံ တန်ခိုးရှင်များဖြင့် အံ့သြဘွယ်ကောင်းသော ရဟန်းတော်များကြောင့် သာသနာတော်ကို အထင်ကြီး လေးစားကြသူတွေ များသည်ထက်များလာနိုင် သည်မဟုတ်ပါလော ဟု

စာေဒကတက်ဘွယ်ရှိပါသည်။ မြတ်စွာဘုရားရှင်က အနာဂါတ်သာသနာတော်အရေးကို ကြိုတင်တွေးဆကာ တန်ခိုးပြခွင့် ပိတ်ပင်တားမြစ်တော်မူခဲ့ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့် ပါနည်း။ မြတ်စွာဘုရားရှင်က တန်ခိုးပြခွင့်ကို မပိတ်ပင်မတားမြစ်ခဲ့ပါက အထင်ကြီးခံလိုသော ဘုန်းကြီးလိုသော နောင်လာနောက်သား ရဟန်းတော်များက သာသနာတော်၏ အနှစ်သာရ သီလ သမာဓိ ပညာ သိက္ခာသုံးပါးမြတ်တရားထက် တန်းခိုးကြီးဖို့ကိုသာ အလေးထားကြတော့မည်။ မြေလျှိုးမိုးပျံ တန်ခိုးဈာန်ရရှိရေးကိုသာ တစ်စိုက်မတ်မတ် ကြိုးစားကြတော့မည်။ သမထကျင့်စဉ်နည်းလမ်းများဖြင့် မရလျှင် ဂန္ဓာရီအတတ်၊ အင်းအိုင်လက်ဖွဲ့အတတ်၊ မှော်အတတ်၊ မျက်လှည့်အတတ် စသော သာသနာတော်နှင့် ဆန့်ကျင်သော မိစ္ဆာလမ်းစဉ်များကို ကျင့်ကြံကြတော့မည်။ တရားသောနည်းဖြင့်မရလျှင် မတ ရားသောနည်းဖြင့် လူအများအံ့သြအောင် လိမ်လည်လှည့်ဖြားကြတော့မည်။ ထိုအခါတွင် တကယ့်တရားစစ် တရားမှန်ကို ရိုးရိုးကုတ်ကုတ် ကျင့်ကြံအားထုတ်ကြသော ရဟန်းတော်များကို မည်သူကမျှ ကြည် ညိုရကောင်းမှန်း သိကြတော့မည်မဟုတ်ချေ။ ဘုရားဟောတော်မူသည့်အတိုင်း ကျင့်ကြံနေထိုင်တော်မူကြသော ရဟန်းတော်များ ကွယ်ပသွားသည်နှင့် သာသနာတော်ကြီးလည်း အလွန်တိုတောင်းသော ကာလအတွင်းမှာပင် ကွယ်ပသွားလိမ့်မည်ကို မြင်တော်မူသည့်အတွက် တန်ခိုးပြသခွင့်ကို ပိတ်ပင်တားမြစ်တော်မူခဲ့ပါသည်။

တန်ခိုးပြခွင့်ပိတ်ပင်တားမြစ်ထား၍ တန်ခိုးပြမှုမရှိကြသော်လည်း ယနေ့ခေတ်ကာလ၌ ဘွဲ့ထူးဂုဏ်ထူးများကိုပြသလျက် ဘုန်းကြီးအောင် လာဘ်လာဘပေါများအောင်ဆောင်ရွက်ကြသောပုဂ္ဂိုလ်များ လည်း ရှိနေကြသည်။ လူတိုင်းလူတိုင်းက ဂုဏ်ပကာသနကို သိပ်မက်မောလွန်း အထင်ကြီးကြလွန်းသဖြင့် ဂုဏ်ပကာသနတို့ဖြင့် လှည့်ပတ်ဖြားယောင်းနေကြသူများလည်းရှိသည်။ အစစ်အမှန် ဂုဏ်ထူးဘွဲ့ ထူးရရှိသူများကို မဆိုလိုပါ။ မာယာသာဌေယျ အတတ်ပညာဖြင့် မရှိသောဂုဏ်ကို ရှိလေဟန် ဖန်တီးလိမ်ညာ၍ ဘုန်းကြီးအောင် ထင်ပေါ်ကျော်ကြားအောင် လုပ်ဆောင်နေကြသူများကြောင့် သာသနာ တော်ကြီး အစွန်းအထင်းများ အညစ်အကြေးများ ပေကြံခဲ့ရသော သာဓက များစွာရှိခဲ့ဘူးပါသည်။ ဘုန်းကြီးသူများ ထင်ပေါ်ကျော်ကြားသူများပြောလျှင် အကောင်းအဆိုး အမှားအမှန် မခွဲခြားမဝေဖန်ဘဲ အ ဟုတ်ထင်နေကြသည်။ ဓမ္မဝါဒီရဟန်းတော်များ၊လူပညာရှင်များက တရားနှင့်လျော်ညီစွာ လွဲမှားနေသော အချက်ကို ထောက်ပြလျက် ထင်ပေါ်ကျော်ကြားနေသော ထိုပုဂ္ဂိုလ်အား ခေါ်ယူစစ်ဆေးသည့်အခါ ထိုသူ၏ အတွင်းသရုပ် အပုတ်နံ့များ ထောင်းထောင်းထလာပါသည်။ ထိုအခါကျမှ ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများက သည်လိုပဲလားဟု သိမ်းကျုံးအထင်သေးသွားကြပြန်ပါသည်။ နဂိုကတော့ ကိုယ်ကြည် ညိုလေးစားသော ပုဂ္ဂိုလ်၏ ကိုယ်ကျင့်စာရိတ္တ စိတ်နေစိတ်ထားကို သေသေချာချာ မလေ့လာပဲ ထိုပုဂ္ဂိုလ်၏

အကျင့်စရိုက်ဆိုးများကို သိရှိလာရသည့်အခါ အခြားသော ဖြူစင်မြင့်မြတ်သူ ရဟန်းသံဃာတော်များကိုပါ သိမ်းကျုံးအထင်သေးသွားပါသည်။

တစ်ချို့ကတော့ ကိုယ်အထင်ကြီး ကြည်ညိုလေးစားသော ပုဂ္ဂိုလ်၏ အမှားများ သာသနာတော်နှင့် ဆန့်ကျင်နေသော ဝါဒဆိုးကြီးများ ဘွင်းဘွင်းကြီးပေါ်လာသည်ကိုပင် ငါတို့ဘုန်းဘုန်းပြောသော စကားသာလျှင်အမှန် ငါတို့ဘုန်းဘုန်းဟောသောတရားသာအမှန်ဟု အတင်းတွယ်ကပ် ငြင်းဆိုနေကြပြန်ပါသည်။ အမှန်တရားနှင့်အညီ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဝေဘန်ထောက်ပြသော ဓမ္မဝါဒီရဟန်း တော်များကိုပင် သူတစ်ပါး ဘုန်းကြီးထင်ပေါ်ကျော်ကြားသည်ကို မနာလိုသူများအဖြစ် မြင်နေကြပြန်သည်။ မြတ်စွာဘုရားရှင်က ဓမ္မကို အဓမ္မဟူ၍လည်းကောင်း၊ အဓမ္မကို ဓမ္မဟူ၍လည်းကောင်း၊ ဝိနယကို အဝိနယဟူ၍လည်းကောင်း၊ အဝိနယကို ဝိနယဟူ၍လည်းကောင်း၊ ဘုရားဟောတရားတော်ကို ဘုရားဟောတရားမဟုတ်ဟူ၍လည်းကောင်း၊ ဘုရားဟောတရားမဟုတ်သည်ကို ဘုရားဟောတရားဟူ၍ လည်းကောင်း ဟောပြောပြသဆုံးမကြသောသူများသည် လူတို့၏ အစီးအပွားမဲ့ခြင်းငှါ၊ ချမ်းသာမဲ့ခြင်းငှါ၊ အကျိုးမဲ့ခြင်းငှါ ဆောင်ရွက်နေသူ၊ အကုသိုလ်တရားတိုးပွားစေသူ၊ သာသနာတော်ကွယ်ပျောက်စေ သူမည်၏ဟု ညွှန်ပြတော်မူပါသည်။ ယင်းသို့ သာသနာတော်ကို နည်းအမျိုးမျိုးဖြင့် ဖျက်ဆီး၍ ကိုယ့်တစ်ဘဝတာ ကောင်းစားရေးအတွက်၊ဘုန်းကြီးရေးအတွက် လုပ်ဆောင်နေကြသူများသည် မြတ်စွာဘုရား အလိုတော်နှင့် ကိုက်ညီပါသလား။ ကိုယ်ပိုင် အသိဉာဏ်ဖြင့် ဆန်းစစ်ဝေဖန်ကြဖို့လိုပါသည်။ သဒ္ဓါလွန်ကဲ ပညာမဲ့ အလွဲယုံတတ်သည် ဆိုသည့်အတိုင်း ဉာဏ်မြင်ကန်း၍ အရမ်းယုံကြည်ဆည်းကပ်တတ်သူ များ၏ သဒ္ဓါတရားလွန်ကဲမှုကြောင့် အလွဲလွဲအမှားမှား ယုံကြည်မှုများဖြင့် အမှားဝဋ်ဘာထဲတွင် ချာချာလည်နေတတ်ပါသည်။ ပညာလွန်ကဲ သဒ္ဓါမဲ့ စဉ်းလဲကောက်ကျစ်သည် ဆိုသည့်အတိုင်း လာဘ်လာဘ ကိုလိုချင်တပ်မက်လွန်းသော လောဘတဏှာကြောင့် သဒ္ဓါတရားမဲ့ပါသည်။ ထိုသူက ပညာလွန်ကဲနေလျှင် ထိုပညာဖြင့်ပင် လူတို့အားလှည့်ဖြား၍ မိမိထင်ပေါ်ကျော်ကြား လာဘ်လာဘများအောင် ကလိန် ဉာဏ်ဆင်ပါတော့သည်။ ဘုရားဟောတရားမဟုတ်သည်ကို ဘုရားဟောတရားဟူ၍လည်းကောင်း၊ ဘုရားဟောတရားကို ဘုရားဟောတရားမဟုတ်ဟူ၍လည်းကောင်း လိမ်ညာပါတော့သည်။ သာသနာတော်ကြီးကို အသုံးချ သာသနာတော်ကို ဗန်းပြကာ ကိုယ်ကျိုးစီးပွားရှာကာ သာသနာ့ဝန်ကိုစီးပါတော့သည်။ စဉ်းလဲကောက်ကျစ်သော လူမိုက်များ ပညာလေး မတောက်တခေါက်တတ်သွားပါက မြင်းကိုချို တပ်ပေးသလို မိုက်ချင်တိုင်းမိုက် ရိုင်းချင်တိုင်းရိုင်းပါလေတော့သည်။ မိမိတွင် အညစ်အကြေး အပြစ်ဘေးများရှိသော်လည်း ဖြူစင်သန့်ရှင်းသူကဲ့သို့ပင် ပိပိရိရိ နေတတ်ထိုင်တတ်လေသည်။ မိမိကို အဓမ္မဝါဒီ တို့ဖြင့်

စွပ်စွဲပြောဆိုလာသော ပညာရှိများကိုလည်း မိမိတတ်သိထားသော ကျမ်းဂန်အထောက်အထားများဖြင့် ပြန်လည်ချေပငြင်းဆိုတတ်လေသည်။ ထိုသို့ဖြင့် ကောက်ကျစ်စဉ်းလဲစွာ သာသနာတော်ကို အသုံးချ ခုတုံးလုပ်ကာ တစ်ဘဝတာကောင်းစားရေးအတွက်ကိုသာ လုပ်ဆောင်နေကြသူများကြောင့် သာသနာတော်၏ အနှစ်သာရကို မသိကြသော ဒကာဒကာမများမှာ အလွန်နစ်နာကြရပါသည်။ ပင်ပင် ပန်းပန်း ရှာဖွေစုဆောင်းထားသမျှ စည်းစိမ်ဥစ္စာများကိုလည်း လှူဒါန်းရသည်။ စဉ်းလဲကောက်ကျစ်သော ဆရာသမားဆိုးကို ဆည်းကပ်ရ၍ မှားယွင်းသော အကျင့်ဆိုးများကြောင့် အပါယ်ဘေးနှင့်လည်း ရင် ဆိုင်တွေ့ရသည်။ ထိုဒကာ ဒကာမမျိုးသည် မိအေးနစ်ခါနာဆိုသကဲ့သို့ ဖြစ်ကြရရှာပါသည်။ ထို့ကြောင့် အတုအယောင်ဂုဏ်ပကာသနကို အထင်ကြီးတတ်သူများ၊ အတုအယောင်ဂုဏ်ပကာသနများဖြင့်လိမ် လည်တတ်သူများအားလုံး လက်ရှိဘဝမှာ ကောင်းစားနေသော်လည်း ဘဝသံသရာတွင် ဆင်းရဲတွင်းနစ်ကြမည်အရေးကို မျှော်တွေးသင့်လှပါသည်။

မဃဒေဝဆရာတော်က တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်လည်း ထင်တိမ်ပေါ်ငုတ် ဖြစ်ချုပ်တတ်စွာ ဓမ္မတာတည်း ဆိုသည့်အတိုင်း တန်ခိုးသည်လည်းကောင်း၊ စည်းစိမ်ချမ်းသာသည်လည်းကောင်း၊ ဘုန်း ကံကြီးမားခြင်း၊ဂုဏ်သိမ်သတင်း ကျော်စောခြင်းသည်လည်းကောင်း ဖြစ်ပြီးလျှင် ပျက်တတ်သော သဘာဝတရားကို နားလည်ထားဘို့လိုပါသည်။ အစစ်အမှန် တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ပိုင်ရှင်များပင် လျှင် ပျက်ချိန်တန်လျှင် ပျက်စီးချုပ်ပျောက်သွားရသည့် နိယာမလမ်းစဉ်ကို ဆင်ခြင်လည်းလိုပါသည်။ မြတ်စွာဘုရားရှင်က သံဝေဇနိယ လေးဌာနကိုရောက်ရှိ ဖူးမြော်ကြသူများ အသိအလိမ္မာဉာဏ်ပညာ တိုးပွားစေခြင်းငှါ လက်တွေ့တရားပြသွားခဲ့ပါသည်။ လောကသုံးပါးတွင် အတုမရှိသော ဗုဒ္ဓမြတ်စွာဘုရားသည် ဖွားမြင်တော်မူရာ ပရိနိဗ္ဗာန်ပြုတော်မူရာ စသည်တို့ဖြင့် သမိုင်းမှတ်တိုင် ခိုင်ခိုင်မာမာ ပွင့်တော် မူခဲ့သည်ကိုလည်းကောင်း၊ တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ် အရာတွင် အတုမရှိသော ဗုဒ္ဓမြတ်စွာသည်ပင် ချုပ်ငြိမ်းတော်မူရသည်ကိုလည်းကောင်း လက်တွေ့ပြသသွားခဲ့ပါသည်။ ဘုရားရှင်တို့ ချုပ်ငြိမ်းကွယ် ပျောက်ခြင်းသည် သံသရာဝဋ္ဋဆင်းရဲများမှ အပြီးသတ်ချုပ်ငြိမ်းပျောက်ကွယ်ခြင်းဖြစ်၍ ကောင်းသော ချုပ်ငြိမ်းပျောက်ကွယ်ခြင်းမည်ပါသည်။ လောကီလူသားများ၏ ချုပ်ငြိမ်းပျောက်ကွယ်ခြင်းသည် သံသရာ ဝဋ္ဋဆင်းရဲများမှ အပြီးသတ် ချုပ်ငြိမ်းပျောက်ကွယ်ခြင်းမျိုးမဟုတ်သည့်အတွက် ကောင်းသောချုပ်ငြိမ်းပျောက်ကွယ်ခြင်းမျိုးမဟုတ်ပါ။ ယနေ့ နတ်ပြည်ခြောက်ထပ်ကို အစိုးရသော သကြားနတ်မင်းကြီးဖြစ် သော်လည်း နောက်တစ်နေ့ အိမ်သာထဲတွင် ရွံစရာလောက်ကောင်လေးများဖြစ်ချင်ဖြစ်နိုင်သည်။ ယနေ့ အဘိဇမဟာရဋ္ဌဂုရုဆရာတော်ကြီးဖြစ်သော်လည်း နောက်တစ်နေ့ သန်းဂျပိုးများလည်းဖြစ်ချင်ဖြစ်

နိုင်သည်။ လောကုတ္တရာနယ်က တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ပိုင်ရှင်များသည် ထင်တိမ်ပေါ်ငုတ် ဖြစ်ချုပ်တတ်စွာ ဓမ္မတာမှန်သော်လည်း ဂုဏ်ကျေးဇူးတော် တန်ခိုးတော်အနန္တသည်ကား ယနေ့တိုင်အောင် ထင်ထင်ရှားရှား သိမြင်နေရသေးသည်။ လောကီနယ်က တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်သည်ကား သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျှာမျှသာတည်း ဆိုသော စာဆိုနှင့်အညီ ချုပ်ငြိမ်း ပျောက်ကွယ်သွားရသည်မှာ ဓမ္မတာပါပေတည်း။ တန်ခိုးစည်းစိမ်ဘုန်းဂုဏ်သိမ်ကို မတရားသောနည်းဖြင့် လိမ်လည်ရယူထားသူများသည် တစ်ဘဝတာသာ ကောင်းကျိုးချမ်းသာကိုခံစားရသော်လည်း ၄င်း တို့နေထိုင်သော အဆောက်အဦများသည် ငရဲမီးလျှံများတောက်လောင်နေသော အဆောင်အဦများသာဖြစ်သည်။ ၄င်းတို့ စားသောက်သော အစားအစာများသည်လည်း ငရဲမီးနှင့် သံမီးခဲအဆိပ်များသာဖြစ် ပါနေပါတော့သည်။ ၄င်းတို့ လိမ်လည်ထားသမျှတွေ ဘယ်တော့ပေါ်မှာလဲဆိုသော စိုးရိမ်သောကမီးတောက်မီးလျှံများဖြင့် အိပ်ကောင်းခြင်းမအိပ်ရ စားကောင်းခြင်းမစားရဖြစ်နေတတ်ပါသည်။

ထို့ကြောင့် တစ်ဘဝတာကောင်စားရေးအတွက် နာမည်ကြီးအောင်၊ထင်ပေါ်အောင် တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ကို သည်းသည်းမည်းမည်း ရှာနေကြသူများ၊ တရားသောနည်းဖြင့်မရလျှင် မတရား သောနည်းများဖြင့်လိမ်လည်လှည့်ဖြား၍ လုပ်စားနေကြသူများ တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်၏ မတည်မြဲသော သဘောကိုသတိသံဝေဂဉာဏ်ဖြင့် ဆင်ခြင်နိုင်ကြပါစေ။ စစ်မှန်သော သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကြည်ညိုလေးစားရကောင်းမှန်းမသိဘဲ တန်ခိုးစည်းစိမ် ဘုန်းဂုဏ်သိမ်ရှိသူများကိုသာ အထင်ကြီးလေးစားကြည်ညိုကြသူများလည်း ဆင်ခြင်တုံတရားလက်ကိုင်ထား၍ ဘုရား သာသနာတော်၏ လိုအပ်ချက်များကို ဖြည့်စွမ်းလျှက် ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပါစေကြောင်း ကောင်းကျိုးလိုလား မေတ္တာတရားဖြင့် တိုက်တွန်းအပ်ပါသည်။

အရှင်ဇဝန (ကုန်းဖောင်း)